မအူတောကျေးရွာ
မော်ခါးကျေးရွာအုပ်စု ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မအူတောကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

12/16/2020

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
မအူတောကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၆
မအူတောကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၈
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၉
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၉
(ခ) သဘာဝအရင်းအမြစ်များ	၉
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၀
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၁
(င) ကျန်းမာရေးနှင့် အာဟာရ	၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၂
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၂
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၂-၁၃
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၄
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၅
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၅
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၅
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု	၁၇
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၇
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	၁၈
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	၁၈
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ	၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား ၁၉
အစီအစဉ် ကျသော ချိတ်ဆက်မှုများ
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၀
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၀
(ဂ) ဦးစားပေး စီမံချက်များ ၂၁
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၄
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၇

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၈-၃၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၄
ရည်ညွှန်းချက်များ ၃၅
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲများ**
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၂
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မအူတောကျေးရွာ

မော်ခါးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

မအူတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- မအူတောကျေးရွာအရင်းအမြစ်ပြမြေပုံ - မအူတောကျေးရွာ၊ မော်ခါးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ရက်)



လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာဆို	တဒိုတွဲ	တပေါင်း
အလုပ်အကိုင်												
ဥတ်ရှိ	-	-	-	-	-	-	-	-	$$$	$$$	$$$	
ရေ ရာသီ												
	-	-	-	ဝါ:ရိုက်သည်		-	-	-	ဝါ:ရိုက်သိမ်းသည်		-	-
	-	-	-	-	-	-	-	-			-	-
	- ရေဖူးပုံသည်	- ရေဖူးပုံသည်			- ရေဖူးပုံသည်		-	- ရေဖူးပုံသည်		- ရေဖူးပုံသည်		-
	-	-	-	-	ရေ / တွက်ကွေ:	-	-	-	-	-	-	-
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	-	-	ဝါ: / ဆက်ပိုး	မြက်ပိုး	-	-	-	-	-	-
	-	-	-	-	-	-	-	-	-	-	-	-
သဘာဝ ဘေးအန္တရာယ်	-	-	-	-	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့စည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ မအူတောာ**ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ်၏** မြောက်ဘက်တွင် တည်ရှိပါသည်။ ဝန်းသိုမြို့နှင့်(၁၄)မိုင်ကွာဝေးပါသည်။ ကျေးရွာတွင် လူဦးရေ (၄၃၃)ဦး နေထိုင်ပြီး အိမ်ထောင်စု (၈၂) အိမ် နေထိုင်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပင်လုံကျေးရွာ ရှိပြီး တောင်ဘက်နှင့် အနောက်ဘက်တွင် တောင်တန်းများ တည်ရှိ၍ မြောက်ဘက်တွင် တောင်တန်းများခြား၍ ဆားတွင်းကျေးရွာ တည်ရှိပါသည်။ ကိုးကွယ်မှုမှာ ဗုဒ္ဓဘာသာဖြစ်ပြီး ဗမာလူမျိုး အများဆုံးနေထိုင်ကြပါသည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ မအူတောာကျေးရွာသည် စိုက်ပျိုးရေးအဓိကထားသော ကျေးရွာဖြစ်သော်လည်း လယ်ယာပိုင်ဆိုင်မှု နည်းပါးပါသည်။ လယ်စိုက်ပျိုးမြေကော (၁၃၇.၇၃)ကော ၊ယာမြေ/တောင်ယာမြေ (၁၈.၂၅)ကော၊ ဥယျာဉ်ခြံမြေ(၀.၅)ကော၊ စားကျက်မြေ (၂၉.၅)ကော ရှိပါသည်။ မအူတောာကျေးရွာတွင် သတ္ထုနှင့်အခြားတွင်းထွက် သယံဇာတများ မရှိပါ။ ကျေးရွာ၏အနီးတစ်ဝိုက်တွင် ကျောက်သဲ၊ကျောက်စရစ်များကို အများအပြားရရှိနိုင်ပြီး သဘာဝမျိုးစိတ်ပင်များ၊ဆေးဘက်ဝင်အပင်များ ပေါများပါသည်။ သဘာဝမျိုးစိတ်ပင်များနှင့် သဘာဝတောရိုင်းတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပါ သည်။ အိမ်ထောင်စု (၈၂) အိမ်ရှိပြီး နို့စို့အရွယ် ကလေး ကျား (၉)၊ မ (၃) ဦးရှိပါသည်။ ၁နှစ်မှ ၄နှစ်အထိ ၅ နှစ် အောက်ကလေးငယ် ကျား ၁၉ ဦး၊ မ

၂၇ ဦး စုစုပေါင်း ၄၆ ဦးရှိပါသည်။ မူလတန်း ကျောင်းသားအရွယ် ကျား(၂၈)၊ မ(၂၃) ပေါင်း(၅၁) ယောက်၊ (၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၁၅)၊ မ(၂၄)ပေါင်း (၃၉)ဦး၊၁၅နှစ်မှ (၆၄)နှစ် အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၃၇)၊ မ(၁၃၄) ပေါင်း(၂၇၁)ယောက်နှင့် (၆၅)နှစ်အထက် ကျား(၆)၊မ(၈)ပေါင်း(၁၄)ယောက် တွေ့ရှိရပါသည်။ ကျေးရွာရှိ စုစုပေါင်း ကျား၊မဦးရေးမှာ (၄၃၃)ဦး ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ မအူတောကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စု များပြားသော်လည်း လယ်ယာမြေပိုင်ဆိုင်မှုမှာ နည်းပါးပါသည်။ ကိုယ်ပိုင်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော်လည်း စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုနှင့် အရောင်းအဝယ်ပြုလုပ်သည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပြီး နေ့စားပါဝင်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာတွင် ဝန်ထမ်းလုပ်ကိုင်သူဖြင့် အသက်မွေးဝမ်းကျောင်းပြုသူမရှိပါ။

မအူတောကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရလုပ်ငန်းများ အလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသော ဒေသဖြစ်ပါသည်။ ကျေးရွာတွင် သတ္တုတူးဖော်ရေး လုပ်ငန်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများနှင့် ယာဉ်၊ စက်ကိရိယာ ပြင်ဆင်ရေးလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြပါသည်။ လုပ်ငန်းများအလိုက် ဝင်ငွေခြေးနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားနားရခြင်းမှာလည်း လုပ်အား စိုက်ထုတ် နိုင်မှုအပေါ်တွင် မူတည်ပါသည်။

မအူတောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုသည် (၃၅.၃၇)% ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြ၍ မြေယာ(၅)ဧကေ ပိုင်ဆိုင်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ အလည်အလတ်ရှိသော အိမ်ထောင်စုများသည် (၃၁.၇၀)% ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် (၃၂.၉၃)% ရှိပြီး အခြားလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

မအူတောကျေးရွာတွင် အခြားဒေသသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ အိမ်ထောင်စု(၂)စု ရှိပါသည်။ ကျေးရွာအတွင်း ငှားရမ်းလုပ်ကိုင်သည့် လုပ်ငန်းများ နည်းပါးခြင်းနှင့် ပိုမို၍ ဝင်ငွေရမည် မျှော်မှန်း၍ သွားရောက်လုပ်ကိုင်ခြင်းသာ ဖြစ်ပါသည်။ ပြည်ပတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများ မရှိပါ။

မအူတောကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသောသူများမှာ ပိုမိုကောင်းမွန်သော ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

မအူတောကျေးရွာရှိ အခြားသောဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများသည် မိမိတို့ လစာငွေများကို ဘဏ်၊ လူကြုံများ၊ ကိုယ်တိုင်ယူဆောင်လာခြင်းဖြင့် မိသားစုများဆီသို့ ထောက်ပံ့မှုများ အလွယ်တကူ ပြုလုပ်နိုင်ကြပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ မအူတောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုသည် (၃၅.၃၇)% ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြ၍ မြေယာ(၅)ဧကေ ပိုင်ဆိုင်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ အလည်အလတ်ရှိသော အိမ်ထောင်စုများသည် (၃၁.၇၀)% ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် (၃၂.၉၃)% ရှိပြီး အခြားလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေစစ်တမ်းကောက်ယူမှုအရ အစားအစာလျှော့စားရသော အိမ်ထောင်စု မရှိသော်လည်း ချေးငှယူခြင်း၊ အထောက်အပံ့ယူခြင်း၊ လုပ်အားခယူခြင်းတို့ဖြင့် ဝမ်းစာရေးကို ဖြေရှင်းကြပါသည်။

မအူတောကျေးရွာတွင် မိဘစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အိုများ၊ မသန် မစွမ်းသူများ မရှိကြပါ။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်နေသော အိမ်ထောင်စု(၁၀)စုနှင့် မုဆိုးဖို/ တစ်ခုပ်လပ် ဦးဆောင်သည့် အိမ်ထောင်စု(၅) စု ရှိပြီး စားဝတ်နေရေး အခက်အခဲများကြောင့် ကျေးနေအရွယ် သား/သမီးများအား ကျောင်းကို ဆက်မထားနိုင်ပဲ ဝင်ငွေရလုပ်ငန်းများတွင် အလုပ်များဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ထိုမိသားစုများ အတွက် ကူညီစောင့်ရှောက်မှုများ အထူးလိုအပ်ပါသည်။

မအူတောကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးခြင်းနှင့် မိုးရာသီတွင် ရေကြီးနှစ်မြုပ်ခြင်း ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးသည့်အတွက် စားနပ်ရိက္ခာများ ဖူလုံမှုနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် စိုက်ပျိုးရေ အလုံအလောက်ရရှိသော်လည်း စိုက်ပျိုးမြေများချဲ့ထွင်ရန်အတွက် မြေယာများ ရှားပါးပါသည်။ မိုးများသောဒေသဖြစ်သည့်အတွက် ရေကြီးမှုများ ဖြစ်လေ့ရှိပြီး မြေပြိုခြင်းနှင့် သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေ အနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။ သဘာဝဘေးအန္တရာယ် အရမ်းဆိုးရွားသည့် အခြေအနေမျိုး မရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတွင် ဌက်ဖျားရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာ/ရွာသားများသည် စည်းစည်းလုံးလုံးနှင့်အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားလေ့မရှိသလို လူကုန်ကူးမှုလည်း မရှိပါ။ တိရစ္ဆာန်များတွင်လည်း ကူစက်ရောဂါ ကျရောက်ခြင်းမရှိပါ ။

မအူတောကျေးရွာတွင် လူငယ်များအနေဖြင့် မူးယစ်သောက်စားမှုများ အတော်အသင့်များပြားနေသော ကြောင့် ထိခိုက်မှုများ ရှိပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံလွယ်နိုင်ပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ မအူတောကျေးရွာရှိ စာမတတ်သူများမှာ သက်ကြီးရွယ်အိုများသာ ဖြစ်ပါသည်။ မူလတန်း အဆင့်ဦးရေ ကျား (၁၆၉)ဦး၊ မ (၁၅၁) ဦးရှိပါသည်။ အလယ်တန်းအဆင့်ရှိသောဦးရေ ကျား (၁၃)ဦး၊ မ (၂၄)ဦး၊ အထက်တန်းအဆင့်ရှိသောဦးရေ ကျား(၂)ဦး၊ မ (၆)ဦး၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ကျား(၁)ဦး၊ မ (၁)ဦး ရှိပါသည်။

မအူတောကျေးရွာတွင် လက်ရှိမူလတန်းအဆင့်တက်ရောက် နေသူ ကျား (၃၇)ဦး၊မ (၂၉) ဦး၊ အလယ်တန်းအဆင့် ကျား(၃)ဦး မ (၁၀) ဦး၊ အထက်တန်းအဆင့် မ (၄) ဦး၊ တက္ကသိုလ် ကောလိပ်တက်ရောက်နေသူ ကျား(၁)ဦး၊ မ (၁) ဦးရှိပါသည်။

(c) ကျန်းမာရေးနှင့် အာဟာရ။ ။ မအူတောကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ရာသီတုတ်ကွေး ရောဂါများ၊ သွေးလွန်တုတ်ကွေးရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါ၊ ဌက်ဖျားရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ ဌက်ဖျားရောဂါသည် မိုးရာသီတွင် အဖြစ်များလေ့ရှိပါသည်။ HIV/ AIDS ရောဂါသည် ဖြစ်ပွားသူနည်းပါးပြီး အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အဟာရချို့တဲ့သော ရောဂါများ၊ တီဗီရောဂါ၊ ရောဂါနှင့်အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွား သူများမရှိပါ။

မအူတောကျေးရွာတွင် သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေး များ လာရောက်ထိုးနှံပေးလျက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ အရေးပေါ် ကုသမှုခံယူနိုင်ရန်အတွက် ဂျီးတောင်တိုက်နယ် ဆေးရုံတို့တွင် သွားရောက်ကုသရပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံတွင်လည်း ကုသခံယူမှု ရှိကြပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ မအူတောကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိက ဝင်ငွေရလုပ်ငန်းများ အလွန် နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသော ဒေသဖြစ်ပါသည်။ ကျေးရွာတွင် သတ္တုတူဖော်ရေး လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ယာဉ်၊ စက်ကိရိယာ ပြင်ဆင်ရေးလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြပါသည်။ လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားနားရခြင်းမှာလည်း လုပ်အား စိုက်ထုတ် နိုင်မှုအပေါ်တွင် မူတည်ပါသည်။

မအူတောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှု ဆောင်ရွက်သည့် လုပ်ငန်းများ၊ ကျေးရွာရှိ သာရေးနာရေး ဆောင်ရွက်မှုများတွင် အားတက်တရော ပူးပေါင်းပါဝင်ကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိအမြင်များ မရှိပါ။

(၄) ကဏ္ဍအသီသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ။ ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ မအူတောကျေးရွာတွင် ဓမ္မစကြံာအဖွဲ့ တစ်ဖွဲ့သာ ဖွဲ့စည်းထားပြီး ကျေးရွာရွာ၏ ဘာသာရေးအပြင် သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်လျှက် ရှိပါသည်။

မအူတောကျေးရွာတွင် ကျေးရွာအားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသော ပြင်ပအဖွဲ့အစည်း များ မရှိပါ။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ မအူတောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားသောကျေးရွာ ဖြစ်ပါသည်။ လယ်မြေ (၁၃၇.၃၇)ဧက၊ ယာမြေ(၁၈.၂၅)ဧက၊ ဥယျာဉ်ခြံမြေ(၀.၅)ဧက၊ စားကျက်မြေ (၂၉.၅)ဧကော ရှိပါသည်။ ကျေးရွာတွင် သတ္ထုနှင့် အခြားတွင်း ထွက်သယံဇာတများမရှိပါ။ ကျေးရွာရှိ စိုက်ပျိုးမြေများ၏ မြေဆီလွှာ အရည်အသွေး အသင့်အသင့်ရှိပါသည်။

မအူတောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ(၃၀)စုရှိနေပြီး အများစုသည် နေ့စားကျပန်းနှင့် အခြားသောဒေသများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ မိဘများ၏ လက်ငုတ်လက်ရင်း လယ်များ၊ ယာများအား လုပ်ကိုင်စားသောက်ရင်း နေထိုင်ကြပါသည်။

မအူတောကျေးရွာ၏ တောင်သူများသည် စိုက်ပျိုးရေအတွက် ချောင်းရေမှ ရေးသွင်းစနစ် အသုံးပြု၍ စိုက်ပျိုးသောကြောင့် လုံလောက်မှုရှိပါသည်။

မအူတောကျေးရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာစပါးဖြစ်ပြီး စိုက်ပျိုး မြေဧကမှာ (၁၇၃.၇၃) ဧကဖြစ်ပါသည်။ နှမ်းသီးနှံများကိုလည်း အနည်းငယ် စိုက်ပျိုးကြပြီး နှမ်းဆီအဖြစ် သုံးစွဲကြပါသည်။ စိုက်ပျိုးရေး အသိပညာမှာ မိရိုးဖလာအသိပညာသာရှိ၍ တီထွင်ကြံဆမှုအားနည်းပါသည်။ စပါးတစ်ဧကလျှင်အနည်းဆုံး တင်း(၄၀)မှ အများဆုံး တင်း (၇၀) အထိ ထွက်ရှိပါသည်။ ပျမ်းမျှအားဖြင့် တင်း(၅၀)လောက် ထွက်ပါသည်။ (၅)လ မှ (၁၀)လအထိ စိုက်ပျိုးကြရပါသည်။ နှမ်းသီးနှံအား တစ်ဧကလျှင် အနည်းဆုံး တင်း(၂၀)မှ အများဆုံးတင်း (၃၀)အထိ ထွက်ပါသည်။ ပျမ်းမျှအားဖြင့် တင်း(၃၀)လောက် ထွက်ပါသည်။ (၃)လမှ (၄)လအထိ စိုက်ပျိုးကြရပါသည်။

မအူတောကျေးရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကျွဲ၊ နွားများဖြင့် အနည်းငယ်သာ လုပ်ကိုင်ကြပါသည်။ လက်တွန်းထွန်စက်များဖြင့် ကိုယ်ပိုင်သော်လည်းကောင်း အငှားသော်လည်းကောင်း လုပ်ကိုင် စားသောက်ကြပါသည်။ လက်တွန်းထွန်စက်ပိုင်ဆိုင်သူ (၅)ဦးရှိပါသည်။ လက်တွန်းထွန်စက်ငှားရမ်းအသုံးပြုသူ

(၂၈)ဦးရှိပါသည်။ စပါးခြွေလှေ့စက် ကိုယ်ပိုင်ပိုင်ဆိုင်သူ (၂)ဦး၊ငှားရမ်းလုပ်ကိုင်သူ (၃၁)ဦးနှင့် ရေစုတ်စက်ကိုယ်ပိုင်ပိုင်ဆိုင်သူ(၂)ဦး၊ ခြေနင်းရေတင်စက် (၂)ဦး ၊မြက်ရိတ်စက်ပိုင်ဆိုင်သူ (၁၀)ဦး ရှိပါသည်။ ကျေးရွာအတွင်းရှိ စက်ရှိသူများထံမှ အခကြေးငွေများဖြင့် ငှားရမ်းလုပ်ကိုင်ကြရပါသည်။ စိုက်ပျိုးရာတွင် တစ်ချို့ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင်အခြားရွာမှထွန်၊ ထယ်စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြပါသည်။

မအူတောကျေးရွာ၏ လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာ ရှိပါသည်။ သီးနှံမျိုးကောင်းမျိုးသန့်နှင့် သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာများရရှိနိုင်မှု နည်းပါးပါသည်။ ပိုးသတ်ဆေးများနှင့် သီးနှံမျိုးစေ့များလည်း ဝယ်ယူရရှိနိုင်ပါသည်။ ရာသီချိန်ပုံမှန်စိုက်ပျိုးခြင်း၊ မြေဆီလွှာများ ကို နှစ်အလိုက်နွားချေး၊ ကြက်ချေး၊ ဝက်ချေးများ များများသုံးနိုင်ပါက သီးနှံအထွက်တိုးနိုင်ပါသည်။ လုပ်သားအင်အားများကိုလည်း ရရှိနိုင်ပါသည်။ ကျေးရွာ၏ထွက်ရှိသော သီးနှံများကိုလည်း စားသုံးရန်အတွက် ချန်ရှိထားပြီး ပိုလျှံလာသော သီးနှံများအား အခြားအသုံးပြုရန် ရောင်းချကြပါသည်။

မအူတောကျေးရွာ၏ ရာသီဥတု ရေမြေအနေထားမှာ ရံဖန်ရံခါ မိုးခေါင်ခြင်းများ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ စိုက်ပျိုးရေချေးငွေများကို ရရှိသော်လည်း လုံလောက်ခြင်းမရှိသည့်အတွက် ငွေကြေး အခက်အခဲများရှိပါသည်။ စပါးစိုက်ပျိုးရာတွင် ဖျက်ပိုးများရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်ယာမြေများတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုန်ကုန်များ ရရှိလာနိုင်ပါမည်။

မအူတောကျေးရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ဆိတ် တို့ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပျံ့ပျံ့လုပ်ကိုင်ခြင်သော်လည်း အရင်းအနှီးမရှိခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် စီးပွားဖြစ် မလုပ်ကိုင်နိုင်ကြပါ။ ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု(၃၆)အိမ်နှင့်(၁၉၈) ကောင်ရှိပါသည်။ ဝက်မွေးသော အိမ်ထောင်စု (၄၉)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၁၅)ကောင် ရှိပါသည်။ ကြက်မွေးသော အိမ်ထောင်စု (၆၂)အိမ်ရှိပြီး ကြက်ကောင်ရေ (၉၅၇)ကောင် ရှိပါသည်။ ကျွဲ မွေးသောအိမ်ထောင်စု(၂၈)အိမ်ရှိပြီး ကျွဲကောင်ရေ (၁၂၈)ကောင် ရှိပါသည်။ ငါးကန်မွေးမြူသောအိမ်ထောင်စု (၁)အိမ်ရှိပြီး ငါးကောင်ရေ (၅၀)ခန့်သာရှိ၍ စားသုံးရန်အတွက်သာ မွေးမြူကြပါသည်။

မအူတောကျေးရွာတွင် တိရစ္ဆာန်များ လွတ်လပ်စွာ အစာရှာစားနိုင်သည့် စားကျက်မြေများ အသင့်သင့်ရှိပြီး ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ သဘာဝတောတောင်များရှိခြင်း၊မြေလွတ်မြေလပ်၊ မြေရိုင်များရှိခြင်းတို့ကြောင့် မွေးမြူရေးကိုတွင်တွင်ကျယ်ကျယ် လုပ်ကိုင်ပါကလုပ်ကိုင်နိုင်ပါသည်။ သို့သော် အရင်းအနှီးနှင့်နည်းပညာအားနည်းလှပါသည်။ မျိုးကောင်းမျိုးစိတ်များရရှိနိုင်ပါသည်။ ထုတ်ကုန်များကိုလည်း ဝယ်ယူသည့် ကုန်သည်များရှိသည့်အတွက် လွယ်လင့်တကူ ရောင်းချလာနိုင်ပါသည်။

မအူတောကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများသည် ချေးငွေမရရှိသည့်အတွက် စီးပွားဖြစ် မွေးမြူနိုင်ခြင်းမရှိပဲ သွင်းအားစုများ ဝယ်ယူရန်အတွက်လည်း အခက်အခဲရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများနှင့် ချေးငွေများ လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ။ ။ မအူတောကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိက ဝင်ငွေရလုပ်ငန်းများ အလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသော ဒေသဖြစ်ပါသည်။ ကျေးရွာတွင် သတ္တုတူဖော်ရေး လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ယာဉ်၊ စက်ကိရိယာ ပြင်ဆင်ရေး လုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြပါသည်။ လုပ်ငန်းများအလိုက် ဝင်ငွေခြေးနားရခြင်းမှာ လုပ်ငန်း

ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ပင်ငွေကွာခြားနား ရှိခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

မအူတောကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့် ရရှိနိုင်ပါသည်။ လယ်ယာသားငါး မဟုတ်သော အခြားဒေသထွက်ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိပညာများလည်း အသင့်အတင့်နားလည်ပါသည်။ ကျေးရွာ၌ မဟာဓါတ်အားလိုင်း လျှပ်စစ်မီး ရရှိပြီးဖြစ်ပါသည်။

မအူတောကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်း၊ ကျပန်းအလုပ်များလုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အား ရရှိပါသည်။ နည်းပညာဆိုင်ရာ အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးမည်ဆိုပါက ဖွံ့ဖြိုးရေး အခွင့်အလမ်းများ အလားအလာရှိပါသည်။ အခြားဝင်ငွေရ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများကို မရရှိပါ။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ မအူတောကျေးရွာတွင် အခြားဒေသသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ အိမ်ထောင်စု(၂)စု ရှိပါသည်။ ကျေးရွာအတွင်း ငှားရမ်းလုပ်ကိုင်သည့် လုပ်ငန်းများ နည်းပါးခြင်းနှင့် ပိုမို၍ ဝင်ငွေရမည် မျှော်မှန်း၍ သွားရောက်လုပ်ကိုင်ခြင်းသာ ဖြစ်ပါသည်။ ပြည်ပတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများ မရှိပါ။

မအူတောကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသောသူများမှာ ပိုမိုကောင်းမွန်သော ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်အတွက် သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

မအူတောကျေးရွာရှိ အခြားသောဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများသည် မိမိတို့ လစာငွေများကို ဘဏ်၊ လူကြုံများ၊ ကိုယ်တိုင်ယူဆောင်လာခြင်းဖြင့် မိသားစုများဆီသို့ ထောက်ပံ့မှုများ အလွယ်တကူ ပြုလုပ်နိုင်ကြပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှုဈေးကွက်။ ။ မအူတောကျေးရွာ၏ အနီးဆုံးဈေးမှာ ဂျိုးတောင်ဈေးသို့လည်း သွားရောက်နိုင်သကဲ့သို့ ဝန်းသိုမြို့မဈေးသို့လည်းသွားနိုင်ပါသည်။ ကျေးရွာမှ ဂျိုတောင်ဈေးသို့ (၅)မိုင်ခန့်နှင့် ဝန်းသိုမြို့မဈေးသို့ မိုင်(၂၀)ခန့် ဝေးကွာပြီး သယ်ယူပို့ဆောင်ရေးမှာ ဆိုင်ကယ်ကိုသာ အများဆုံး အသုံးပြုကြပါသည်။ ဂျိုးတောင်ဈေးနှင့် ဝန်းသိုမြို့မဈေးတွင် မီးဖိုချောင်သုံးပစ္စည်းမှစ၍ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ဆေးဝါးများမှအစ လယ်ယာသုံး အပိုပစ္စည်း အချို့ပါရရှိနိုင်ပါသည်။ လိုအပ်သည့် ပစ္စည်းအားလုံးရရှိနိုင်ပါသည်။ ဈေးအခြေအနေမှာလည်း ကောင်းမွန်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ မအူတောကျေးရွာရှိ တောင်သူလယ်သမားများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လ မှ ၆လ ကာလအတွင်း အတိုးနှုန်းမှာ(၂%)ခန့်သာ ဆပ်ရမည် ဆိုသော်လည်း တောင်သူများသည် ငွေပေးဆပ်နိုင်ရန် အခက်အခဲများ ရှိကြပါသည်။ တောင်သူများ၏ လယ်ဂရန်များကို အပေါင်ခံပစ္စည်းအဖြစ် ယူဆောင် သွားရသည်။ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ငွေကြေးလိုအပ်ပါက မိတ်ဆွေများဆီထံ အတိုးနှုန်း (၁၀%) ထိ ချေးယူရသောကြောင့် ကျေးရွာအတွက် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဆိုပါက ပိုမို အဆင်ပြေနိုင်ပါမည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။မအူတောကျေးရွာသည် သဘာဝမှရရှိသော မြေဆီ၊ မြေဩဇာများ အများအပြားထွက် ရှိပါသည်။ မြေဆီဩဇာအခြေအနေမှာ အသင့်သင့်ကောင်းမွန်သော်လည်း မြေဆီလွှာထိန်းသိမ်းမှု အလေ့အကျင့် အားနည်းသဖြင့် အန္တရာယ်ရှိမှု အလယ်အလတ်အဆင့် ရှိပါသည်။ အပင်မျိုးစိတ်များမှာလည်း ဒေသထွက်မျိုးစိတ်ပင် များသာရှိပါသည်။ တစ်ခါတရံဖျက်ပိုးများ ကျရောက်တတ် ကြပါသည်။

သဘာဝသစ်တောများပြုန်းတီးလာခြင်း ကြောင့်ချောင်းမြောင်းများ ရေနည်းပါး လာခြင်းတို့ ကြုံတွေ့နေရပါသည်။ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန် မျိုးကွဲများ၏ မျိုးစိတ်များလည်း ရှားပါးလာပါသည်။ ကျေးရွာစွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှု အလေ့အကျင့်များ မရှိသောကြောင့် ပတ်ဝန်းကျင် သန့်ရှင်းမှု အားနည်းပါသည်။

မအူတောကျေးရွာတွင် သတ္ထုန့ှင့်အခြားသယံဇာတ တွင်းထွက်များ၊ ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်ရတနာများ မထွက်ရှိပါ။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် ကျောက်၊ သဲ၊ ကျောက်စရစ်များ အများအပြား ရှိသောကြောင့် အလွယ်တကူ အသုံးချနိုင်ပါသည်။ ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များ ဖြစ်သော ဆေးဘက်ဝင်အပင်များကို အသင့်သင့်တွေ့ရှိရပြီး နည်းပညာအားနည်းသည့်အတွက် အသုံးချနိုင်မှု နည်းပါးပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များမှာ နည်းပါလာပါသည်။

မအူတောကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးခြင်းနှင့် မိုးရာသီတွင် ရေကြီးနှစ်မြုပ်ခြင်း ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးသည့်အတွက် စားနပ်ရိက္ခာများ ဖူလုံမှုနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် စိုက်ပျိုးရေ အလုံအလောက်ရရှိသော်လည်း စိုက်ပျိုးမြေများချဲ့ထွင်ရန်အတွက် မြေယာများ ရှားပါးပါသည်။ မိုးများသောဒေသဖြစ်သည့်အတွက် ရေကြီးမှုများ ဖြစ်လေ့ရှိပြီး မြေပြိုခြင်းနှင့် သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေ အနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။ သဘာဝဘေးအန္တရာယ် အရမ်းဆိုးရွားသည့် အခြေအနေမျိုး မရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတွင် ဌက်ဖျားရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာ/ရွာသားများသည် စည်းစည်းလုံးလုံးနှင့်အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားလေ့မရှိသလို လူကုန်ကူးမှုလည်း မရှိပါ။ တိရစ္ဆာန်များတွင်လည်း ကူစက်ရောဂါ ကျရောက်ခြင်းမရှိပါ ။

(၈) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် ကျောင်းဆောင်(၁)ဆောင်သာရှိပြီး အမိုး၊နံရံ၊အခင်းများ ကောင်းမွန်လျက်ရှိသောကြောင့် ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားလျက်ရှိပါသည်။ ကျောင်းသားဦးရေ များပြားလာခြင်းကြောင့် ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းသုံးအိမ်သာများအနေဖြင့် အသင့်သင့်ကောင်းမွန်ပါသည်။ စာသင်ကျောင်းသည် ကျေးရွာအတွင်းသာ ရှိသောကြောင့် ခြေလျင်ဖြင့် သွားလာပါသည်။ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ပညာရေးကို ဝန်းသို အထက်တန်းကျောင်းနှင့် ဂျိုးတောင်အထက်တန်း ကျောင်းများတွင် သွားရောက်ပညာ သင်ကြားကြရပါသည်။ ရွာရှိစာသင်ကျောင်းမှာ ကောင်းပါသည်။ ကျောင်းသုံး ပရိဘောဂများမှာလည်းကောင်းမွန်ပါသည်။ ကျောင်းတွင် အဟာရတိုက်ကျွေးမှုမရှိပါ။ ကျေးရွာတွင် ဆရာ (၁)ယောက်၊ ဆရာမ (၅)ယောက် ပေါင်း (၆) ယောက်ရှိပါသည်။

မအူတောကျေးရွာ၏ မူလတန်းစာသင်ကျောင်းတွင် ကျောင်းဆရာ၊ ဆရာမ လုံလောက်မှု ရှိပါသည်။ တပည့်ဆရာအချိုး ညီမျှမှုရှိပါသည်။ ကျောင်းသုံးစာအုပ်လုံ စာရေးကိရိယာများ လုံလောက်မှုမရှိသည့်အတွက် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲများရှိပါသည်။ ကျောင်းတက်နေသော မသန်စွမ်းသည့် ကလေး(၁)ဦးနှင့် ဆင်းရဲသည့် မိသားစုများအတွက် ကျောင်းစရိတ်ထောက်ပံ့မှုများ ရရှိလာပါက ကျေးရွာ၏ ကျောင်းထွက်နှုန်းများ လျော့နည်းလာပါမည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိပါ။ မိဘဆရာအသင်း အခန်းကဏ္ဍ ပါဝင်မှု အသင့်အတင့် ရှိပါသည်။

မအူတောကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ရာသီတုတ်ကွေးရောဂါများ၊ သွေးလွန်တုတ်ကွေးရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါ၊ ဌက်ဖျား ရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ ဌက်ဖျားရောဂါ သည် မိုးရာသီတွင် အဖြစ်များလေ့ရှိပါသည်။ HIV/ AIDS ရောဂါသည် ဖြစ်ပွားသူ နည်းပါးပြီး အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ၊ အဟာရချို့တဲ့သော ရောဂါများ၊ တီဗီရောဂါ၊ ရောဂါနှင့်အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွား သူများမရှိပါ။

မအူတောကျေးရွာတွင် သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေး များ လာရောက်ထိုးနှံပေးလျက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ အရေးပေါ် ကုသမှုခံယူနိုင်ရန်အတွက် ဂျိုးတောင်တိုက်နယ်

ဆေးရုံတို့တွင် သွားရောက်ကုသရပါသည်။ ဝန်းသိုဖြို့နယ်ဆေးရုံတွင်လည်း ကုသခံယူမှု ရှိကြပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

မအူတောကျေးရွာတွင် ရေတွင်း(၁၄)တွင်းရှိပြီး မိုးရာသီ၊ ဆောင်းရာ သီများသာ ရေပေါများပြီး နွေရာသီတွင် ရေခမ်းခြောက်မှုများ ရှိပါသည်။ စိမ့်စမ်းရေကို လှူဒါမြောင်များမှ ကျေးရွာမယ်ထူကိုယ်ထ စနစ်ဖြင့် သောက်သုံးရေ ဖူလုံနိုင်ရေးအတွက် ဆောင်ရွက်ထားလျှက်ရှိပြီး အ ဆင့်မြှင့် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဒီထက်မက ဖူလုံစွာ သုံးစွဲနိုင်ပါမည်။

မအူတောကျေးရွာ၏ ရွာသူ/ရွာသားများသည် သန့်ရှင်းသော ယင်လုံအိမ်သာများကို သုံးစွဲကြပါသည်။ မသန့်ရှင်းသောယင်လုံအိမ်သာများကို သုံစွဲသော မရှိပါ။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။။
မအူတောကျေးရွာရှိ ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ခြင်းကြောင့် မကောင်းကြပါ။ လမ်းများမှ မြေညီညာမှုမရှိခြင်းကြောင့် ချိုင့်ခွက်များရှိခြင်း၊ မိုးရာသီတွင် ရွံ့ဗွက်များပေါများ ခြင်းကြောင့် လမ်းများပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။

မအူတောကျေးရွာတွင် ရွာတွင်းတံတားမရှိပါ။

မအူတောကျေးရွာည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။

မအူတောကျေးရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ စက်ဘီး၊ ဆိုင်ကယ်၊ကား၊ထော်လာကျီနှင့် သုံးဘီးများကိုသာအများဆုံး အသုံးပြုပါသည်။ လယ်ယာထုတ်ကုန်များ သယ်ယူရန်အတွက် နွားလှည်းများကိုလည်း အသုံးပြုကြပါသည်။လယ်ယာထုန်ကုန်များ သယ်ယူရန်အတွက် နွားလှည်းများကိုလည်း အသုံးပြုကြပါသည်။

မအူတောကျေးရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ကောင်းပါသည်။ မဟာဓာတ်အား လိုင်းအသုံးပြုသူ အိမ်ခြေ (၃၈)အိမ်ရှိပါသည်။ အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရ ကြပါသည်။

မအူတောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်းစသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် ဖုန်းတာဝါတိုင်များရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ မရှိပါ။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ မအူတောကျေးရွာတွင် လူငယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများ ဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အားနည်းပါသည်။ လူငယ်များသည် သက်ကြီးရွယ်အိုများအား သီတင်းကျွတ် တွင် ကန်တော့ခြင်း၊ဘုန်းကြီးကျောင်းများတွင်ဆီမီးပူဇော်ခြင်း ကန့်တော့ခြင်းများ ရှိကြပါသည်။ ကျောင်းပိတ်ရက်များတွင် ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်သက်ကြားပေးပါသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး။ ။ မအူတောကျေးရွာသည် တယ်လီဖုန်းဆက်သွယ်မှု တာဝါတိုင်များ ရှိသောကြောင့် ် သတင်းအချက်အလက်ဖြန့်ဝေရာတွင် လွယ်ကူမြန်ဆန်ပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သိရှိမှုနည်းပါးသဖြင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအစဉ်များ ပို့ချပေးရန် လိုပ်ပါသည်။

မအူတောကျေးရွာတွင် လူကုန်ကူးမှုနှင့် အကြမ်းဖက်လုယက်မှုများမရှိပါ။ မူခင်းကာကွယ် တားဆီးရေးအတွက် ရဲဘက်ဆိုင်ရာဝန်ဆောင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။ မူးယစ် ဆေးဝါးသုံးစွဲသူများရှိ၍ လုယက်မှု၊ ခိုးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကျေးရွာအတွက် အန္တရာယ် စိုးရိမ်မှုများရှိပါသည်။

(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့် အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာအရှေ့ဘက်တွင်လချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ချောင်းရေကြီးချိန်တွင် ကျေးရွာတွင်း ရေဝင်ရောက်မှုများလည်းရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများ ကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက်များလက်လှမ်း မမီခြင်းမှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

(က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

(က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်သောသောက်သုံးရေ နှင့် လူမှုအခြေခံ အဆောက်အဦးများ လက်လှမ်းမီ တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) **ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်း များ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(ဂ)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေး

ပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင် မွေးမြူရေး ချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှု သင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန် လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မအူတော			ကျေးရွာအမည် – မထော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်၊ ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၅	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၆	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၇	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း။ (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်၊ မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၈	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင် မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ခြင်း။	
၁၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း။	
၁၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းများ သဲကျောက်ခင်းခြင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်း။	

ကျေးရွာအုပ်စုအမည် – မအူတော			ကျေးရွာအမည် – မထော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး ကျေးရွာစာကြည့် တည်ဆောက်ခြင်း။	

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်း • ရွာတွင်းလမ်းများသဲကျောက်လမ်းခင်းခြင်း	၁					✓

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီ များရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

